# ဆက်စပ်မှုရရှိရန်စွမ်းအားလိုသည်

လူအများရှေ့စကားပြောရာတွင် အတော်ဆုံးလူသုံးယောက်၊ အဖွဲ့ငယ်ကလေးများအတွင်း စကားပြောရာတွင် အတော်ဆုံးလူသုံးယောက်နှင့် တစ်ဦးချင်း ပြောဆိုမှုတွင် အတော်ဆုံးလူသုံးယောက်တို့ကို စိတ်ကူးထဲ၌ ရွေးထားလိုက်ပါ။ ထိုလူများထဲတွင် စွမ်းအားနည်းပါးသူ မည်မျှပါဝင်ပါသနည်း။သေချာပါသည်၊တစ်ယောက်မျှမပါဝင်ပါ။ လူသည် အတော်အသင့်အရေးကြီးသောနေရာသို့ ရောက်လာသည့်နှင့် အပေါ်ယံအားဖြင့်မမြင်မတွေ့ရသောစွမ်းအားများထွက်ပေါ်လာစမြဲဖြစ်ပါသည်။ ဘာကြောင့် ဤသို့ဆိုရပါသနည်း ဟူမူ ဆက်စပ်မှုရရှိရန် လုပ်ယူရသောကြောင့်ဖြစ်၏။အခြားလူတို့နှင့်ဆက်စပ်မှုရလိုလျှင် စာရှုသူ၌လိုလားချက်ရှိရမည်၊ ထိုလိုလားချက်ကိုရရှိရန် စွမ်းအားထုတ်ရမည်ဖြစ်သောကြောင့်တည်း။

## သွင်းအားစုမှန်သမျှ သူတို့ရယူသွားကြသည်

ခေါင်းဆောင်မှုစာရေးဆရာ John C. Maxwell ကပြောပါသည်။ သူ့အတွက် စိန်ခေါ်မှုအရှိဆုံးနှင့် အောင်မြင်မှုအရှိဆုံး ဆက်စပ်မှုအခွင့်အရေးတစ်ခုကို ၁၉၉၆ ခုနှစ်တွင် ရခဲ့သည်ဟု ဆိုပါသည်။ Indiana ပြည်နယ် Hillham မြို့ကလေးမှ ဘုရားရှိခိုးကျောင်းငယ်ကလေးတစ်ခုက ကျောင်းအဆောက်အအုံ၏ ၂၅ နှစ်မြောက် အထိမ်းအမှတ် ပွဲကလေးကိုလာတက်ပေးရန် တယ်လီဖုန်းဖြင့် ဖိတ်ကြားခြင်းခံရပါသည်။ ဖုန်းဆက်သူက သူတို့ကျောင်း၌ စကားပြောပေးနိုင်မလား၊ ဟောပြောခမည်မျှပေးရမလဲ ဟု မေးလိုက်သေး၏။ မျှော်လင့်မထားသောဖိတ်ခေါ်မှုတစ်ခုဖြစ်သော်လည်း ထိုသို့ဖိတ်ခေါ်ခံရခြင်းအတွက် Maxwell က  အထူးဝမ်းသာခဲ့ပါသည်။ သူ၏ဘဝလမ်းကြောင်းကို ထိုကျောင်းကလေးတွင် တရားဟောဆရာအဖြစ်ဖြင့် ၁၉၆၉ ခုနှစ် မှ စတင်ခဲ့ရသောကြောင့်ဖြစ်ပါသည်။ဝတ်ပြုမြဲပရိသတ်အနည်းငယ်မှစတင်ခဲ့ပြီး ရာနှင့်ချီ၍ တိုးပွားလာသောကြောင့် ၁၉၇၁ ခုနှစ်တွင် ဘုရားကျောင်းအသစ်တစ်ဆောင် ဆောက်လုပ်ခဲ့ရပါသည်။ ဆယ်စုနှစ်နှစ်စုကျော်လာသော အခါ Maxwell ၏ ဘဝသည် မျှော်မှန်းထားသည်ထက် တိုးတက်လာခဲ့ပြီး ကြီးကျယ်ခမ်းနားသော ဘုရားရှိခိုးကျောင်းကြီးများသို့ပြောင်းရွှေ့သွားရသော်လည်း Hillham မြို့ငယ်ကလေးမှ ဝတ်ပြုမြဲပရိသတ်အပေါ်တွင်ကား သူ၏နှလုံးသား ထားရစ်ခဲ့သည်ဟုဆိုပါသည်။ ငယ်စဉ်ကာလအတွေ့အကြုံနည်းခဲ့ပြီး မိုက်မဲသော မှားယွင်းမှုများမကြာခဏ ဖြစ်နိုင်ခြေရှိခဲ့သော်လည်း ဝတ်ပြုမြဲပရိသတ်က သူကိုခွင်းချက်မရှိ ချစ်ခင်ခဲ့ကြပါသည်။ ထို့ကြောင့် Maxwell က ဖိတ်ကြားမှုကို ချက်ချင်းပဲ ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်ပြီး ကိုယ့်စရိတ်နှင့်ကိုယ် ဇနီးနှင့်တကွ လာခဲ့မည်ဖြစ်ကြောင်း ပြန်ကြားလိုက်ပါသည်။

တယ်လီဖုန်းချလိုက်ပြီးသောအခါ ဇနီးသည် Margaret က '' John ဒီကိစ္စနည်းနည်းသတိထားရ လိမ့်မယ်။ ၂၅ နှစ်ဆိုတာအတော်ကြာသွားခဲ့ပြီ၊ ရှင်ပြန်ရောက်သွားခဲ့လျှင် ယခင်ကအတိုင်းမဟုတ်တော့ဘူးလေ၊ ယခုအချိန်မှာ သူတို့နဲ့ရှင်နဲ့က သီးခြားကမ္ဘာဖြစ်နေကြပြီ။ ရှင်နဲ့လည်း ဆက်ဆံမှုကမရှိကြတော့ဘူး၊ သူတို့နဲ့ ဆက်စပ်မှုရအောင် ဘယ်လိုလုပ်မလဲ'' ဟုမေး၏။

ဇနီးသည် ပြောခဲ့သည်ကို ရက်နှင့်ချီပြီး စဉ်းစားခဲ့ရသည်။ သူမပြောသည်မှာမှန်ပါသည်။ ထိုကာလအတွင်း မိမိကလည်းများစွာ ပြောင်းလဲခဲ့ပြီ၊ သူတို့လည်းပြောင်းလဲနေကြမည်မှာ သေချာပါသည်။ သူတို့နှင့် ဆက်စပ်မှုရရှိရန် စွမ်းအားများစွာသုံးရပါတော့မည်။ ရုပ်ပြရုံပြပြီး သူ့ဘာသာသူ ဆက်စပ်မှုရလာလိမ့်မည် ဟု မမျှော်လင့်နိုင်ပါ၊ ထို့ကြောင့်သူသည် ခံစားမှုသဘောအရ သော်လည်းကောင်း၊ ဆက်ဆံမှုသဘောအရသော်လည်းကောင်း ဆက်စပ်မှုရအောင် ဘယ်လိုလုပ်ရမည်ကို စဉ်းစားပုံဖော်နေခဲ့ရပါတော့သည်။

၂၅ နှစ်မြောက် နှစ်ပတ်လည်ပြန်လည်ဆုံဆည်းမှုသည် သူတို့အတွက်သာ ထူးခြားသော နေ့တစ်နေ့ဖြစ်ရန် လိုသည်။ မိမိအတွက်မဖြစ်စေရ၊ သူတို့အတွက် အခမ်းအနားသာဖြစ်ရမည်၊ မိမိအတွက် မဖြစ်စေရ၊ ရက်သတ္တပတ် အနည်းငယ်အချိန်ယူ၍ Hillham မြို့ကလေးမှ သိက္ခမ်းရင်းနှီးခဲ့သူများ အကြောင်းကို ပြန်လည်စဉ်းစားရသည်။ ထို့နောက်သူတို့နှင့် ဆက်စပ်မှုရရှိစေရန် အောက်ပါအတိုင်း ပြုလုပ်သွားတော့မည်ဟု ဆုံးဖြတ်ခဲ့သည်–

**တစ်ချိန်က အမှတ်ရဖွယ်များကို ရှာဖွေခြင်း။** သူ၏ ဖိုင်အဟောင်းများကို ပြန်လှန်ခဲ့သည်။ လက်ထပ် မင်္ဂလာ၊ အသုဘ၊ တရားပွဲနှင့်အခြား ဖိတ်စာမှတ်တမ်းများတွေ့ခဲ့ရသည်။ ဓါတ်ပုံတစ်ပုံသည် ထိုအချိန်က ဝတ်ပြုမြဲ ပရိသတ်အများဆုံးလာရောက်သည့်နေ့ အထိမ်းအမှတ်အဖြစ် ရိုက်ခဲ့သည့် လူ ၃၀၁ ဦးပါသော ဓါတ်ပုံဖြစ်သည်။ ဤဓါတ်ပုံကို Hillham မြို့ကလေးသို့ ယူသွားလျှင် သူတို့ကိုယ်သူတို့ ဓါတ်ပုံအတွင်းမှ ပြန်ရှာကြမည်ဖြစ်သည်။

**နာမည်များ မှတ်မိစေရန် ပြုလုပ်ခြင်း။** သူသည် နာမည်များ မှတ်မိလွယ်သူဖြစ်သည်မှာ ကံကောင်း၏။ Hillham မှ လူတချို့၏ အမည်သည် ယခုတိုင်သူ့လျှာဖျားတွင်ရှိသေးသည်။ ဓါတ်ပုံများမှတ်တမ်းများကို ပြန်ရှာပြန်ဖတ်ခြင်းဖြင့် မှတ်ဉာဏ်တွင် ပြန်လည်အမှတ်ရစေသည်။ ဤနည်းဖြင့် သူသည် ပြန်လည်ဆုံဆည်းသော နေ့၌ လူတိုင်းလိုလိုကို မှတ်မိနေခဲ့သည်။ မြို့ကလေးသို့ရောက်ရောက်ချင်း၊ မြို့မိမြို့ဖတစ်ဦးက ဘုရားရှိခိုးကျောင်း၏ မကြာသေးမီကဓါတ်ပုံနှင့် ဂေါပကအဖွဲ့ဝင်များပုံကို ပြသသည်။ ထိုပုံကို ကြည့်၍ ယခုအခါ မည်သူသည် မည်သည့် အသက်အရွယ်ပုံပန်းသဏ္ဌာန်ဖြစ်နေသည်ကို သိရှိရပြီး ဘုရားရှိခိုးကျောင်းရောက်ရောက်ချင်းတစ်ဦးချင်းကိုနာမည် နှင့် တကွ နှုတ်ဆက်နိုင်ခဲ့ပါသည်။

**ထူးခြားသောခံစားမှုဖြစ်စေခြင်း။** အခမ်းအနား အစီအစဉ်တစ်ခုအနေဖြင့် ဤကျောင်းတွင်သူ၏ တရား ဟောဆရာသက်တမ်း အတွင်း ဝတ်ပြုမြဲပရိသတ်ဖြစ်ခဲ့သူများကို သီးသန့်စုစည်း တွေ့ဆုံခွင့်ရခဲ့သည်။ အတိတ် အကြောင်းပြန်ပြောကြရင်း ဘုရားကျောင်း၏ မြေအောက်ထပ်တွင် အချိန်သုံးနာရီကို သုံးစွဲခဲ့ကြသည်။ အမှတ်တရ ပစ္စည်းကလေးများကို ထုတ်ကြည့်ကြရင်း ၊ ရယ်မောကြရင်း တစ်ခါတစ်ရံမျက်ရည်လည်ကြရင်းဖြင့် အချိန်ကို ကုန်ဆုံးစေခဲ့ကြသည်။

**လူအများအတွက် ပုဂ္ဂိုလ်ရေးအမှတ်တရဖြစ်စေခြင်း။** အသင်းတော် ဝင် လက်မှတ် သို့မဟုတ် အမှတ်တရ ပစ္စည်းစုံကိုသူကလူအများအတွက်ပေးအပ်ခဲ့သည်။ Shirley Growder ဆိုသူ အမျိုးသမီးအတွက် ဘုရားကျောင်း သို့ သူမစတင် လာရောက်သောနေ့၌ သူဟောပြောခဲ့သော တရားစာအုပ်ကိုလည်းကောင်း၊ Abe Legenour အတွက် သူ့ကို အသင်းတော်ဝင်အဖြစ် သွတ်သွင်းခံရသည့် ဓါတ်ပုံကိုလည်းကောင်း ပေးအပ်ခဲ့သည်။ လူတိုင်း အတွက် ပျော်ရွှင်ဖွယ် ကုန်လွန်ခဲ့သောရက်များအတွက် အမှတ်တရ တစ်ခုခုတော့ ရရှိသွားစေပါသည်။ ထို့အပြင် သူတို့ လင်မယားသည် လူတိုင်းနှင့်တွဲ၍ ဓါတ်ပုံများရိုက်ခဲ့ကြသေး၏။

**လူအများနှင့်အတူ အချိန်ပိုအသုံးပြုခြင်း။** အချို့သော ဟောပြောသူများနှင့်တရားဟောဆရာများသည် နောက်ကျမှရောက်သည်၊ ပရိသတ်နှင့် တစ်သီးတခြားစီနေကြသည်၊ စင်မြင့်ပေါ်မှာ စကားပြောသည်၊ ပြီးလျှင် အလျင်စလိုပြန်လည်ထွက်ခွာကြသည်။ သူကဤကဲ့သို့မလုပ်လိုပါ၊ လူတိုင်းအတွက်အမြဲအသင့်ရှိစေရန်နေပေးသည်။ တနင်္ဂနွေနေ့ဘုရားရှိခိုးကျောင်းသို့သွားရာတွင် လူအများကိုနှုတ်ဆက်နိုင်ရန် နာရီဝက်စော၍သွားခဲ့သည်။ ထိုအချိန် တွင် ယာဉ်ရပ်နားနေရာ၌ ယာဉ်များပြည့်ကြပ်နေပြီး ဘုရားရှိခိုးသော ခန်းမကြီးမှာလည်း လူများပြည့်နေသည်ကို အံ့အားသင့်စွာတွေ့လိုက်ရသည်။ ခန်းမအတွင်းအတန်းလိုက်ဝင်၍ တစ်ဦးချင်းကို နှုတ်ဆက်နိုင်ခဲ့သည်။ ဘုရားရှိခိုး ဆုတောင်းပြီးသော အခါ၌လည်း နောက်ဆုံးမှ ပြန်လည်ထွက်ခဲ့ပါသည်။

**ချို့ယွင်းချက်များကို ထုတ်ဖော်ပြောကြားခြင်း။** လူအများ၏ အထင်ကြီးမှုကို ခံယူလိုလျှင် သင်၏ အောင်မြင်မှုများကိုပြောပြနိုင်ပါသည်၊ သို့သော်လူအများ၏ အသိအမှတ်ပြုမှု ခံရယူလိုပါလျှင် သင်၏ဆုံးရှုံးမှုများကို ပြောပြသင့်သည်ဟု Maxwell က နားလည်ထားပါသည်။ ထိုနေ့တွင် သူသည် ထိုအတိုင်းပြုလုပ်ခဲ့သည်။ ယခင်က သူသည် အလွန်နုံအလွန်းပြီး မြို့သူမြို့သားများက များစွာအားဖြည့်ပေးနိုင်ခဲ့ကြသည်ကို သူကများစွာ ကျေးဇူးတင်ရှိကြောင်း အသိပေးပြောကြားနိုင်ခဲ့ပါသည်။

**အောင်မြင်မှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် အသိအမှတ်ပြုခြင်း။** အခြားလူများ၏ အကူအညီမပါလျှင် မည်သူမဆို မည်သည့်နေရာကိုမျှ မရောက်နိုင်ပါ။ ဤလူ့အဖွဲ့အစည်းက သူကို လမ်းမှန်ပေါ်သို့ရောက်အောင် ကူညီပေးခဲ့ကြသည်။ ထို့ကြောင့် သူ၏ဟောပြောမှုကို‘‘ Hillham မှ သင်ယူခဲ့ရသော သင်ခန်းစာအပိုဒ်တစ်ဆယ်’’ ဟု ခေါင်းစဉ်တပ်ခဲ့သည်။သူက စကားပြောနေစဉ် သူတို့က သတိရလာကြသည်၊ ရယ်ကြသည်၊ အော်ကြသည်။ သူပေးသော သတင်းစကား၏ အဆုံး၌ သူ့ဘဝအပေါ် သူတို့၏ လွှမ်းမိုးခဲ့မှုများအတွက် ရိုးသားစွာ ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့သည်။ ‘‘ငယ်ရွယ်သောတရားဟောဆရာတိုင်း Hillham ဘုရားကျောင်းတွင်နှစ်အနည်းငယ်နေခြင်းဖြင့် အောင်မြင်သော သာသနာပြုမှုအတွက် အခြေခံအထောက်အပံ့ဖြစ်စေကြောင်း ပြောကြားရင်းနိဂုံးချုပ်ခဲ့သည်။

ဤသို့ဖြင့် ပြန်လည်ဆုံဆည်းမှုသည် လူတိုင်းအတွက် ပျော်ရွှင်စရာဖြစ်ခဲ့ရပါသည်။ သူနှင့်ဇနီးသည်အတွက်လည်း အလားတူဖြစ်၏။ အိမ်အပြန် လေယာဉ်ပေါ်တွင် Margaret က ‘‘ရှင် သူတို့အားလုံးနဲ့ ဆက်စပ်မှု ရအောင် လုပ်နိုင်ခဲ့ပြီ’’ဟုပြောပါသည်။ Maxwell သည် သူ၏အကောင်းဆုံးလုပ်ဆောင်ချက်အတွက်သူကျေနပ်နေခဲ့မိသည်။ သို့သော် သူသည် စွမ်းအင်အမြောက်အမြားကို သုံးစွဲခဲ့ရသောကြောင့် အလွန်အမင်း ပင်ပန်းနေခဲ့ရပြီဖြစ်သည်။

## စွမ်းအားရှိမှုရမည်

လူထုရှေ့တွင်မည်ကဲ့သို့စကားပြောရမည်ကိုသိနားလည်ခြင်းသည် လူတစ်ယောက်၏ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပါသည်။ ဆက်သွယ်စကားပြောဆိုရာတွင် ခွင့်မလွှတ်နိုင်သော ပြစ်ချက်လေးခုရှိပါသည်။ **ပြင်ဆင်မှုမရှိခြင်း၊ နှစ်မြှုပ်လုပ်ဆောင်မှုမရှိခြင်း၊ စိတ်ခံစားမှုမရှိခြင်းနှင့် မသက်မသာရှိခြင်း** တို့ဖြစ်ပါသည်။ ဤလေးချက်တွင် ပထမသုံးချက်သည် စွမ်းအားနှင့်သက်ဆိုင်ပါသည်။ ပြင်ဆင်ခြင်း၊ နှစ်မြှုပ်ထားခြင်းနှင့်စိတ်ဝင်စားခြင်းတို့သည် စွမ်းအားလိုပါသည်။ လူတစ်ယောက်ကိုပဲ ပြောပြော၊ လူတစ်ထောင်ကိုပဲပြောပြော ဆက်စပ်မှုရလိုလျှင် စွမ်းအားရှိရပါမည်။

စာရေးဆရာမနှင့် ဆက်သွယ်ပြောဆိုမှုနည်းပြဆရာမ Susan RoAne ရေးသားခဲ့သော ‘‘နေရာတစ်ခုရလျှင်ဘာယ်လိုလုပ်မလဲ’’ (How to Work a Room)စာအုပ်တွင် လူမှုရေးအခင်းအကျင်း၌ လူများနှင့် ဆက်စပ်မှုရရှိစေရန် ဘာလုပ်ရမည်ကိုဖော်ပြထားပါသည်။ သူမ၏ Website တွင်လည်း လူသစ်များနှင့် တွေ့ဆုံသည့်အခါ ပေါင်းသင်း ရောနှောတတ်ရန် ကျွမ်းကျင်မှုဆယ်မျိုးကို အောက်ပါအတိုင်းဖော်ပြထားပါသည်–

(၁) အခြားလူများကို သက်တောင့်သက်သာဖြစ်စေရန် ပြုလုပ်နိုင်သော စွမ်းရည်ရှိရမည်။

(၂) သင်ကိုယ်တိုင် ယုံကြည်မှုရှိပုံနှင့် သက်တောင့်သက်သာရှိမှုတို့ကိုပေါ်လွင်စေရမည်။

(၃) ကိုယ့်ကိုယ်ကိုယ် ရယ်မောစရာလုပ်တတ်သော စွမ်းရည်ရှိရမည်။ (အခြားလူများအပေါ် လုပ်ရန်မဟုတ်ပါ)

(၄) အခြားလူများအပေါ်စိတ်ဝင်စားမှုပြရမည်။ မျက်လုံးချင်းဆိုတွေ့မှုရယူခြင်း၊ ကိုယ်တိုင်ဖွင့်ဟပြောဆိုတတ်ခြင်း၊ မေးခွန်းများမေးတတ်ခြင်းနှင့် နားထောင်တတ်ခြင်း။

(၅) အခြားလူများထံရောက်အောင်သွားခြင်း၊ကိုယ်ကိုကိုင်းညွတ်၍ အပြုံးမျက်နှာဖြင့်လက်ဆွဲနှုတ်ဆက်ခြင်း။

(၆) သင်၏ စွမ်းအားနှင့်စိတ်ဝင်စားမှုကို လက်ဆင့်ကမ်းပေးနိုင်ခြင်း။

(၇) စေ့စုံနှံ့စပ်ခြင်း ၊ သတင်းအချက်အလက်စုံလင်စွာ ရရှိခြင်းနှင့် ယဉ်ကျေးဖွယ်ရာဖြစ်ခြင်း။

(၈) စိတ်ဝင်စားဖွယ် ၊ ပျော်ရွှင်ဖွယ် နှင့် ဆီလျော်အပ်စပ်သော စာတိုပေစ သို့မဟုတ် တကယ့်ဖြစ်ရပ်ဇာတ်လမ်းများ ပြောပြနိုင်ရန် ပြင်ဆင်ထားခြင်း။

(၉) စိတ်ထက်သန်စွာဖြင့် တစ်ဦးပြီးတစ်ဦး လိုက်လံမိတ်ဆက်ခြင်းနှင့် ထိုမှတဆင့်စကားပြောဆိုရန် နှိုးဆွနိုင်ခြင်း။

(၁၀) ဆက်သွယ်ပြောဆိုခြင်းတွင် အဓိကကျသော လေးစားမှုနှင့် စစ်မှန်မှုတို့ကို လူအများထံသို့ ဆင့်ကမ်းပို့လွှတ်ပေးနိုင်ခြင်း။

အထက်ပါအချက်ဆယ်ချက်အနက် ခုနစ်ချက်သည်စွမ်းအားလိုအပ်ကြောင်းတွေ့ရမည်ဖြစ်သည်။ထို့ကြောင့် အခြားလူများနှင့်ဆက်စပ်မှုရရှိရန် အတွက် စာရှုသူသည် လိုလိုလားလား အားထုတ်မှုမရှိဘဲ ဖြစ်လာမည်မဟုတ်ပါ။ ဆက်စပ်မှုပြုလုပ်ရန် စွမ်းအားရှိရပါမည်။

## ဆက်စပ်မှုရရှိရန် စွမ်းအားကို လက်ဦးမှုရယူအသုံးပြုနည်း

မည်သူနှင့်မဆို၊ မည်သည့်အကြောင်းကိစ္စကြောင့်မဆို လူတစ်ယောက်ကို ဆက်စပ်မှုရရှိလိုလျှင် စာရှုသူသည် စွမ်းအားကို ထိရောက်စွာစိုက်ထုတ်ရမည်မှာသေချာပါသည်။ ဆက်စပ်နိုင်မှုအခွင့်အရေး အများဆုံးရရှိစေရန် ထိုစွမ်းအားကိုလည်း မဟာဗျူဟာမြောက်အသုံးချနိုင်ရပါမည်။ စာရှုသူ၏ဆက်စပ်မှုရယူခြင်းကိုမြှင့်တင်ပေးနိုင်ရန် အခြားအကူအညီတချို့ကို ရယူနိုင်ပါသည်၊ ဥပမာ ဇနီး သို့မဟုတ် ခင်ပွန်းသည်၊ လုပ်ဖော်ကိုင်ဖက်များ၊ လူမှုရေးစုစည်းမှု၊ အထက်အရာရှိ၏အစည်းအဝေး၊ တစ်ယောက်စာ စကားပြောရန်နေရာ သို့မဟုတ် ခန်းမအတွင်းမှစင်မြင့်စသည်တို့ဖြစ်၏။

အခြားလူများနှင့် ဆက်စပ်မှုရရှိရန် စွမ်းအားလိုသည်ဟု ဆိုသောကြောင့် စာရှုသူသည် အခြားလူများနှင့် ဆက်စပ်နိုင်ရန် စွမ်းအားအများအပြား ရှိနေသူဖြစ်ရမည်ဟု ဆိုလိုရာမရောက်ပါ။ ထို့အပြင်စာရှုသူသည် အိတ်သွန်ဖာမှောက်စကားပြောတတ်သူဖြစ်ရန်လည်းမလိုပါ။အခြားလူများအပေါ် အာရုံစူးစိုက်ထားရန်နှင့်သူတို့ထံသို့ ရောက်ရှိသွားရန်အတွက်သာ စွမ်းအားကို သုံးစွဲရန်ဖြစ်ပါသည်။ စီမံကိန်းမန်နေဂျာနှင့် အင်ဂျင်နီယာတစ်ဦးဖြစ်သော Laurinda Bellinger က ''လွန်ခဲ့သော အနှစ်နှစ်ဆယ်က ကျွန်မသည် အခြားလူများနှင့် ဆက်စပ်မှုရရှိနိုင်ရန် ကျွန်မ၏အတွင်းစွဲအမူအကျင့်ကို ဆန့်ကျင်ပြီး ဆုံးဖြတ်ချက်ချမှတ်၍ အလုပ်လုပ်ခဲ့ရပါသည်။ အခုအချိန်မှာတော့ ကျွန်မက ကိုယ့်ကိုယ်ကိုယ် အတွင်းစွဲသမားပါဟု ပြောလျှင်ရယ်စရာဖြစ်နေပါပြီ။ သို့သော်အတွင်းစွဲသမားသည် ဘွင်းဘွင်းသမားများ၏အပြုအမူကို ထုတ်ဖော်ပြရာ၌ တကယ့်ဘွင်းဘွင်းသမားများထက် စွမ်းအားပိုသုံးရန်လိုအပ်သည့်အတွက် မကြာခဏ စွမ်းအားဖြည့်ပေးရပါတယ်၊'' ဟုပြောခဲ့ပါသည်။

အကယ်၍ စာရှုသူသည် အခြားလူများနှင့် ဆက်စပ်မှုရရှိလိုပါက မိမိ၏စွမ်းအား ကို မဟာဗျူဟာမြောက် အသုံးပြုရန် နည်းလမ်းငါးသွယ်ရှိပါသည်–

**(၁) ဆက်စပ်မှုရရှိရန် မိမိကစတင်လုပ်ဆောင်ရမည်။** Arkansas ပြည်နယ် Bentonville မြို့ရှိ Wal-Mart ကုန်တိုက်များ ဌာနချုပ်၌ ၁၀ ပေ စည်းမျဉ်း (10 foot Rule)ကိုအောက်ပါအတိုင်း ထုတ်ပြန် ကြေညာထားသည်ကို တွေ့ရသည်–

''ကျွန်ုပ်၏ရှေ့ ၁၀ ပေအတွင်းရောက်ရှိလာသော မည်သည့်ဖောက်သည်တစ်ဦးကိုမဆို ကျွန်ုပ်သည် ထိုသူ၏မျက်လုံးအတွင်းကို စိုက်ကြည့်၍ ပြုံးပြပြီးနှုတ်ဆက်ပါမည် ဟု လေးနက်တည်ကြည်စွာ ဂတိသစ္စာ ပြုပါသည်''။

CEO Sam Walton သည်အခြားလူတို့နှင့် ကနဦးထိတွေ့မှု အရေးကြီးပုံကို နားလည်သဘောပေါက် ကြောင်းထင်ရှားပါသည်။ မိမိက စတင်ဆောင်ရွက်ခြင်းသည် မည်သည့်ဆက်ဆံမှုလုပ်ငန်းတွင်မဆို ဖယောင်းတိုင် တစ်တိုင်အတွက် ယူဆောင်လာသော မီးတောက်နှင့်တူပါသည်။

လူအတော်များများသည်စတင်ဆောင်ရွက်ခြင်း၏ တန်ဖိုးကိုအသိအမှတ်ပြုကြပါသည်။ သို့သော် ဤအတိုင်း မလုပ်နိုင်သူကလည်း အများကြီးရှိပါသည်။ တစ်စုံတစ်ဦးနှင့် အပြန်အလှန်ပြောရမည့် ကိစ္စပေါ်လာတိုင်း ထိုလူတို့ သည် အခြားလူက စတင်လာမည့် အရေးကို စောင့်နေတတ်ကြပါသည်။ အခွင့်အရေးများ ဆုံးရှုံးသွားနိုင်သည့် အခြေအနေသို့ ဦးတည်နိုင်ပါသည်။ အငြိမ်းစားတရားဟောဆရာ Malcolm Bane က ''တစ်စုံတစ်ယောက် အတွက် တစ်စုံတစ်ခုဖြစ်နိုင်ဖွယ်ရာများပြောမည့်အစား အားလုံးအတွက် ဖြစ်ချင်တာအားလုံးပြောနိုင်သည်အထိ စောင့်ဆိုင်းနေကြမည်ဆိုလျှင် မည်သူ့အတွက်မဆို မည်သည့်ကိစ္စမျှ မလုပ်လိုက်ရဘဲ ပြီးဆုံးသွားပါလိမ့်မည်'' ဟူ၍ ပြောခဲ့ပါသည်။ ထို့ကြောင့်ဆက်စပ်မှုရရှိရန် စောင့်ဆိုင်းမနေပါနှင့် ၊ စတင်လုပ်ဆောင်ပါ ဟု အကြံပေးလိုပါသည်။

ဆက်စပ်မှုရရှိရေးစတင်လုပ်ဆောင်ရန် စွမ်းအား အသုံးပြုစိတ်ရှိခြင်းသည် လူတစ်ဦးချင်းအတွက်သာမက အဖွဲ့အစည်းများအတွက် လည်း အရေးကြီးပါသည်။ ခေါင်းဆောင်မှုစာရေးဆရာ Maxwell ၏ ''လူအများကို အောင်နိုင်ရေး ၂၅ နည်း'' (25 Ways to Win with People) စာအုပ်တွင် အလွန်လွယ်ကူပြီး အလွန်စွမ်းအား ထက်သောနည်းလမ်းတစ်ခုအဖြစ် ''ရှေးဦးပထမကူညီသူဖြစ်ပါစေ''ဟု ဖော်ပြထားပါသည်။ လူ့ဘဝတွင် မည်သူ မဆို အကူအညီလိုအပ်ပါသည်။ မိမိကိုကူညီခဲ့သူများတွင် မည်သူ့ကို အများဆုံးမှတ်မိနေပါသလဲ၊ ပထမဆုံး အကူ အညီပေးသူဖြစ်လေ့ရှိပါသည်။

ဂျူးလူမျိုးတို့၌စကားပုံတစ်ခုရှိပါသည်။ '' လူနုံလူအ က နောက်ဆုံးမှလုပ်သောအလုပ်ကို ပညာရှိက ချက်ချင်းထလုပ်သည်'' ဟူ၏။ မကြာခဏဆိုသလို မိမိတို့သည်အခြားလူတို့နှင့် စတင်လုပ်ဆောင်ရန် အချိန်ကို ''ပြီးပြည့်စုံသောတစ်ခဏ'' ရသည်အထိ စောင့်ဆိုင်းလိုကြသည်။ မိမိ၏အတွေ့အကြုံအရ ပြီးပြည့်စုံသော တစ်ခဏ သည်မည်သည့်အခါမျှရောက်မလာတတ်ပါ။ တစ်စုံတစ်ယောက်ကို စတင်ဆက်သွယ်ပြောဆိုရခြင်းသည်တစ်ခါတစ်ရံ တွင်ကသိကအောက်ဖြစ်ရပါသည်။ တစ်စုံတစ်ယောက်ကိုကူညီရန်ကမ်းလှမ်းရခြင်းသည်လည်း လက်မခံလိုကြောင်း တုံ့ပြန်ချက်ရရှိနိုင်ပါသည်။ တစ်စုံတစ်ယောက်ကိုပေးကမ်းခြင်းကလည်း နားလည်မှုလွဲမှားခြင်း ဖြစ်နိုင်ပါသည်။ ဤ ကဲ့သို့သော အခြေအနေများတွင်မိမိတို့သည် သက်တောင့်သက်သာ ဖြစ်နိုင်ကြမည်မဟုတ်သော် လည်း မမှုရန်တော့ လိုပါသည်။ အမေရိကန်သမ္မတကတော်ဟောင်း Eleanor Roosevelt က '' ကျွန်မတို့ မလုပ်နိုင်ဘူးထင်ထား တာကို လုပ်နိုင်ရမယ်'' ဟုပြောသကဲ့သို့ လုပ်နိုင်ရပါမည်။

(၂) **ဆက်စပ်မှုရရှိရန် အမြင်ရှင်းလင်းရမည်။** ဆက်စပ်မှုရရှိရန် မိမိတို့ဘာလုပ်နေသည်ကို မိမိတို့ ကိုယ်တိုင်သိရန်လိုပါသည်။ ဆိုလိုသည်မှာ စဉ်းစားတွေးခေါ်မှု အမြင်ရှင်းလင်းရန် ဖြစ်ပါသည်၊ ထိုသို့အမြင်ရှင်းလင်း ရန် အောက်ပါနယ်မြေသုံးရပ်၌ ပြင်ဆင်ထားပြီးဖြစ်ရပါမည်–

(က) **မိမိအကြောင်းမိမိသိပါ(မိမိကိုယ်မိမိပြင်ဆင်ခြင်း)။** လွန်ခဲ့သော အနှစ်သုံးဆယ်ခန့်က မိမိကိုယ်မိမိ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ပြုလုပ်ရာတွင် စိန်ခေါ်မှုများရင်ဆိုင်နိုင်ရန် သင်ယူလေ့လာခြင်း သည် မိမိကိုယ်ကို ကူညီရာရောက်သည်ဟု တွေ့ရှိခဲ့ပါသည်။ နောက်ပိုင်းတွင် မိမိကိုယ်မိမိ ကူညီခြင်းဖြင့် အခြားလူများ ကိုလည်းကူညီနိုင်ကြောင်းတွေ့ခဲ့ရသည်။ ထို့ကြောင့်လည်း အခြားလူများကို တန်ဖိုးမြှင့်တင်

ပေးခြင်းဖြင့် သူတို့ကိုယ်သူတို့ ပို၍တန်ဖိုးရှိစေသည်ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။ သင့်မှာ ဘာမျှမရှိလျှင် အခြားလူများကိုဘာမျှပေးစရာမရှိပါ။ သင်မသိသော အကြောင်းအရာတစ်ခုကို အခြားလူကို မည်သို့သွားပြောမလဲ၊ ကိုယ့်တွင်မရှိသောခံစားချက်ကိုဘယ်လိုမျှဝေပေးမလဲ၊ လေဟာနယ်တစ်ခုထဲကဘာထုတ်လုပ်ပေးနိုင်မလဲ။

မိမိအကြောင်းမိမိသိခြင်း၊ မိမိကိုယ်မိမိဖွံ့ဖြိုးတိုးတက်စေခြင်းတို့ဖြင့် စာရှုသူတွင် စဉ်းစားတွေးခေါ်မှုနှင့် ခံစားမှုပိုင်းဆိုင်ရာအမြင်ရှင်းလင်းမှုများရလာပါမည်။ မိမိဘာလုပ်နိုင်သလဲ၊ မလုပ်နိုင်ဘူးလဲဆိုသည်ကို သိနေရမည်။ ကိုယ့်အရည်အချင်းကိုယ်ယုံကြည်ပြီး ကိုယ့်စွမ်းဆောင်နိုင်မှု အတိုင်းအတာအတွင်းမှာ သက်တောင့်သက်သာဖြစ်နေရမည်။ အခြားလူများနှင့် ဆက်စပ်မှုရရှိနိုင်ခြင်းမှာ လူအများအပေါ် ပွင့်လင်းမှုရှိခြင်းနှင့် ပွင့်လင်းလိုသောဆန္ဒရှိခြင်း တို့ကြောင့် သာဖြစ်ပါသည်။ ဂေါက်ကစားနည်းသင်ကြားပေးသူနှင့် စာရေးဆရာဖြစ်သော Harvey Pinick ပြောခဲ့ သောစကားတစ်ခွန်းသည် ဂေါက်သမားများအတွက်သာမက အခြားလူတို့၏ လူမှုဘဝနယ်ပယ်များ၌လည်း မှန်ပါ သည်၊ ''အသေးအမွှားကိစ္စကလေးများအတွက် ပြင်ဆင်ထားပြီးပြီဆိုလျှင် ထိုကစားသမားသည် ကြီးကျယ်သော စိန်ခေါ်မှုအတွက်လည်း အသင့်ဖြစ်ပါလိမ့်မည်'' ဟူ၏။

**(ခ ) မိမိပရိသတ်အကြောင်းမိမိသိပါ(ပရိသတ်ကိုပြင်ဆင်ခြင်း)။** လူအများအကြောင်းကိုသိရှိမှ လူအများနှင့်ဆက်စပ်မှု ရရှိနိုင်ပါသည်။ လူအများ၏အကြောင်းကိုယေဘူယျသဘော ပို၍သိလေ ပို၍ဆက်စပ်မှုရရှိအောင် လုပ်နိုင်လေဖြစ်၏။ လူတစ်ဦးချင်းအကြောင်းကို ပို၍သိလေ ပို၍ကောင်းမွန်စွာဆက်စပ်နိုင်လေဖြစ်၏။ အကယ်၍ ဟောပြောမည့်သူတစ်ဦးသည် ပရိသတ်အကြောင်းရှင်းရှင်းလင်းလင်းမသိရှိနိုင်လျှင် ယင်းပုဂ္ဂိုလ်ပေးမည့် သတင်းစကားသည်လည်း ဝိုးတဝါးဖြစ်နေပါလိမ့်မည်။

ထို့ကြောင့်ခေါင်းဆောင်လုပ်သူသည် အစည်းအဝေးတက်ရောက်လာသူအားလုံး အကြောင်းကို ဖြစ်နိုင်သမျှကြိုတင်လေ့လာထားရန်လိုအပ်ပါသည်။ သူတို့အကြောင်း ပိုသိလေ သူတို့ကိုရှင်းရှင်းလင်းလင်းညွှန်ကြားနိုင်သည့်အပြင် အကူအညီလည်းပေးနိုင်ပါသည်။ အစည်းအဝေးတွင် တက်ရောက်လာကြသော လူများနှင့်ပတ်သက်၍ အောက်ပါအချက်များပါဝင်သော စာရင်းတစ်ခုကို ပြုလုပ်ထားသင့်ပါသည်–

- သူတို့ကဘယ်သူတွေလဲ။
- သူတို့က ဘာကိုဂရုမူလာကြသလဲ။
- သူတို့ဘယ်ကလာတာလဲ။
- တက်ရောက်ရန် ဘယ်အချိန်က ဆုံးဖြတ်ထားကြသလဲ။
- သူတို့ဒီမှာ ဘာအတွက်ရောက်နေကြလဲ။
- သူတို့ကို ပေးစရာဘာရှိသလဲ။
- အစည်းအဝေးပြီးလျှင် သူတို့ဘယ်လိုခံစားလိုကြသလဲ။

အထက်ပါမေးခွန်းများကို ဖြေဆိုရန် စွမ်းအားလိုပါသည်၊ သို့ရာတွင် စွမ်းအားစိုက်ထုတ်ရသည်မှာ တန်ပါလိမ့်မည်။အဘယ့်ကြောင့်ဆိုသော် မိမိဆက်စပ်မှုရရှိလိုသော လူများအကြောင်း ကြိုတင်သိရှိခြင်းဖြင့် သူတို့နှင့် အချိန်မရွေးဆက်စပ်မှုရရှိအောင်ပြုလုပ်နိုင်သောကြောင့်ဖြစ်သည်။

ခေါင်းဆောင်များ မိမိအဖွဲ့အစည်းသို့ဝင်ရောက်လာမည့်လူများအတွက်လည်းအလားတူသိရှိနေရန် လိုအပ်ပါသည်။ ခေါင်းဆောင်ကအဖွဲ့အစည်းအတွင်း မိမိ၏ အမြင်တစ်ခုကို ပုံသွန်းလောင်းပေးလိုလျှင်

သူ့လူများအကြောင်း ရှင်းရှင်းလင်းလင်းသိထားရမည်ဖြစ်သည်။ ဤကဲ့သို့သော တာဝန်သည် ခေါင်းဆောင်၏တာဝန်လုံးလုံးလျားလျားဖြစ်သည်။အစည်းအဝေးသို့ တက်ရောက်နားထောင်သူများ၏ တာဝန်မဟုတ်ပါ။

**( ဂ ) မိမိအစွမ်းအစမိမိသိပါ (ဘာသာရပ်ဆိုင်ရာပြင်ဆင်မှု)။** မိမိအကြောင်း မိမိသိရှိခြင်းနှင့် မိမိပရိသတ်မိမိသိရှိခြင်းတို့သည် အခြားလူများနှင့် ဆက်စပ်မှုရရှိရန် များစွာအထောက်အကူပြုပါသည်။ သို့ရာတွင် ခေါင်းဆောင်သည်ကိုယ်တိုင်စကားပြောရန်၊ သင်ကြားပြသရန် နှင့် ခေါင်းဆောင်ရန်ကိစ္စများပါရှိ ပါကဘာသာရပ်ဆိုင်ရာပြင်ဆင်မှုလည်းလိုအပ်ပါသည်။ မိမိပြောနေသည့် အကြောင်းအရာကို မိမိသိရမည်။အချို့သော နာမည်ကြီးဟောပြောသူများသည်လူအများနှင့်ခံစားမှုသဘောအရဆက်စပ်မှုရရှိလိုက်ကြသော်လည်း မိနစ်အနည်းငယ် ၊ နာရီအနည်းငယ် သို့မဟုတ် ရက်အနည်းငယ်ကြာသောအခါ လူအများအတွက် ဘာမျှမကျန်ဘဲဖြစ်ကြရပါသည်။

တချို့ကမူ အသိပညာဆိုင်ရာအသုံးအနှုန်းအပြောက်အမြားပေးဝေကြပြီး ဆက်သွယ်ပြောဆိုမှုကို ထိရောက်စွာမလုပ်နိုင်ကြပါ။ သူတို့မည်မျှပြောပြော ၊ ပြော၍မဆုံးခင်မှာပင် လူအများနှင့် အဆက်အသွယ်ပြတ်ကြရလေသည်။ အထက်ပါဆက်စပ်မှုပုံစံနှစ်မျိုးလုံးသည် ထိရောက်မှုမရှိသော်လည်း ထိုပုံစံနှစ်ခုကိုပေါင်းစပ်အသုံးချတတ်လျှင် စွမ်းအားကြီးမားစွာဖြစ်ပေါ်စေပါသည်။

**(၃) ဆက်စပ်မှုရရှိရန် သည်းခံရမည်။** မိမိတို့သည် သည်းမခံနိုင်သော ဝေလ့စရိုက်များအောက်တွင်နေကြရသည်။ အစားအသောက်များ၊ လျှော်ဖွတ်ပြီးအဝတ်အထည်များကို မော်တော်ကား မောင်းဝင်မောင်းထွက်စနစ်အဖြစ် ရယူနေကြသည်။ ဘဏ်လုပ်ငန်းစနစ်ကလည်း ဘယ်မျှသွားစရာမလိုအောင်ပြည့်စုံနေပြီ၊ ညွှန်ကြားစရာများကို ကားပေါ်မှပင် ညွှန်ကြားနေကြပြီ၊ ကောင်းသည်ကတော့အလုပ်ကအလွန်မြန်လာသည်၊ ဆိုးသည်ကတော့အမြဲတစ်ယောက်တည်းဖြစ်နေသည်။ လူတိုင်းက အလောတကြီးဖြစ်နေကြခြင်းသည် အခြားလူများနှင့် ဆက်စပ်မှုရရှိရန် အခက်အခဲကို ဖြစ်စေပါသည်။ ထို့ကြောင့် မိမိတို့သည် ဆက်စပ်မှုရလိုကြလျှင် လျင်မြန်မှုအရှိန်ကို လျှော့ချရပါမည်။

ယယ်စဉ်ကာလက စာရေးသူသည် အလုပ်များကို မြန်နိုင်သမျှမြန်အောင် ပြီးစေပြီး နောက်တစ်ခုကိုစတင်ကိုင်တွယ်ရန် အမြဲလှမ်းယူလေ့ရှိသည်။ တစ်စုံတစ်ယောက်က စာရေးသူ၏နှုန်းကို လိုက်မမှီပါက အတင်းတွန်းတင်ရသည် သို့မဟုတ် သူ့ကို ထားခဲ့လိုက်ရသည်။ ထိုခေါင်းဆောင်မှုပုံစံသည် အခြားလူများနှင့် ဆက်စပ်နိုင်မှုစွမ်းရည်ကိုကျဆင်းစေပြီး၊ ကြာလာသောအခါ စာရေးသူ၏ ဆက်ဆံရေးကို ထိခိုက်စေခဲ့သည်၊ အလုပ်လုပ်သည်မှာမြန်သည်ဟု ကောင်းသတင်းထွက်သော်လည်း မကြာခဏဆိုသလို အပေါင်းအဖော်မရှိဘဲ တစ်ဦးတည်း ဖြစ်နေတတ်ပါသည်။

မိမိထက်သာသော အခြားတစ်ယောက်၏ နှုန်းကို အမှီလိုက်ရသည်မှာ မောဟိုက်စေနိုင်သကဲ့သို့ မိမိထက်နေးကွေးသူကို စောင့်ဆိုင်းပြီး အလုပ်လုပ်ရသည်မှာလည်း ငြီးငွေ့စရာဖြစ်ပါသည်။ စာရေးဆရာ Henry David Thoreau က''တစ်ယောက်တည်းသွားလိုသူအဖို့ ယခုပင် စလုပ်နိုင်သော်လည်း နောက်တစ်ယောက် နှင့်အတူခရီးသွားလိုသူအတွက်ကတော့ ထိုသူအသင့်ဖြစ်သည်အထိစောင့်ရပါမည်'' ဟုရေးသားဖော်ပြခဲ့ဖူးပါသည်။စာရေးသူသည်စောင်းဆိုင်းရခြင်းအတွက်အလွန်မချင့်မရဲဖြစ်ရပါသည်။ သို့သော် လူအများနှင့်ဆက်စပ်မှုရရှိရန် မိမိ၏အရှိန်ကိုလျှော့ချပြီး အခြားလူများနှင့် ခြေလှမ်းညီရန် ကြိုးစားရပါသည်။ အကောင်းဆုံးဆက်စပ်သူများသည် အမြန်ဆုံးပြေးကြသူများမဟုတ်ပါ၊ သို့ရာတွင် သူတို့နှင့်အတူ အခြားလူများကိုတစ်ပါတည်း ခေါ်သွားနိုင်ကြပါသည်။ စိတ်ရှည်သည်းခံမှုကိုတော့ပြသရပါသည်။ အခြားလူများပါဝင်နိုင်စေရန် မိမိ၏ အစီအစဉ်များကို ဘေးဖယ်ထားရပါသည်။ ဤသို့ ပြုလုပ်ရန် လည်း စွမ်းအားလိုပါသည်။

(၄) **ဆက်စပ်မှုရရှိရန် ကိုယ်ကျိုးမငဲ့သူဖြစ်ရမည်။** လောကကြီးတွင် ပေးသူများကပေး၍ ယူသူများက ယူကြသည်။ စာရှုသူသည် မည်သည့်အမျိုးအစားတွင် ပါဝင်လိုပါသလဲ။ ပေးသူဖြစ်လိုမည်မှာ သေချာပါသည်၊ လူတို့သည် ယူသူများနှင့် တွေ့သည့်အခါ မျက်လုံးချင်းမဆုံမိစေရန် အလိုအလျောက် ရှောင်တိမ်းတတ်ကြသည်။ ပေးသူများနှင့်တွေ့သည့်အခါ ဝမ်းသာကြသည်၊ နှုတ်ဆက်လိုကြသည်၊ ထို့ကြောင့် ပေးသူများသည် ဆက်စပ်မှုရရှိရန် လွယ်ကူပါသည်။

ပေးသူဖြစ်ရန်သင့်မှာစွမ်းအားရှိရပါမည်။စိတ်ဓါတ်မြှင့်တင်ရေးဟောပြောသူတစ်ဦးဖြစ်သူ Trudy Metzger သည် ငယ်စဉ်က ကြမ်းတမ်းသောဘဝကို ကျော်ဖြတ်လာခဲ့ရပြီး အသက်ကြီးလာမှ ပေးသူဘဝကို ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ သူမက ''ပေးသူဖြစ်ရန် စွမ်းအားလိုအပ်ပါတယ်။ ယူသူဖြစ်ခဲ့စဉ်က ကျွန်မ၏အခြေအနေများကို ပြန်ပြောရမည်ဆိုလျှင် စိတ်ထဲ၌ အရာရာသည် ယိုစိမ့်ထွက်နေပြီး သေသွားပြီဟု ပြောလျှင်ရပါတယ်။ ပေးသူဖြစ်လာသည့်အခါမှ ကျွန်မဘဝ ပြန်လည်ရှင်သန်လာခဲ့ခြင်းဖြစ်ပါတယ်။ သစ်ပင်တစ်ပင် ရှင်သန်လာရအောင် ရေလောင်းပေးသကဲ့သို့ ဖြစ်ပါတယ်။ ယူသူဘဝတုန်းကတော့ မြေဆီသြဇာနှင့်ရေများကို စုပ်ယူစားသုံးခဲ့ပြီးနောက် မြေဆီလည်းခန်း အပင်လည်းခြောက်ရသည့်ဘဝကိုရောက်ခဲ့ရတာပါပဲ'' ဟူ၍ ပြန်ပြောပါသည်။

ပေးသူဖြစ်ရန် စွမ်းအားအများအပြားကို သုံးစွဲနိုင်သူဖြစ်ရသော်လည်း ပေးနိုင်သူဖြစ်လျက်နှင့် မပေးရန် ရှောင်ရှားနေမည်ဆိုလျှင်လည်း စွမ်းအားကုန်ဆုံးမှုဖြစ်ရမည်သာဖြစ်သည်ဟု စာရေးဆရာ Ed. Higgins က ပြောကြားခဲ့ပါသည်။ ''ဆက်စပ်မှုရရှိရန် ရယူသုံးစွဲရသော စွမ်းအားထက် ဆက်စပ်မှုမရှိစေရန် ရှောင်ရှားရသည့်အတွက် စိတ်ပျက်ရခြင်းကြောင့် စွမ်းအားပိုမိုကုန်ကျခဲ့ရသည်ဟု ကျွန်တော်ထင်ပါတယ်'' ဟု ဆိုခဲ့ပါသည်။

ပေးသူသည်ပေးရခြင်းအတွက်လည်း ပြန်လည်ရရှိနိုင်ပါသည်။ အခြားလူများကိုကူညီရင်းမိမိအတွက်လည်း အားဖြည့်ပေးရာကျပါသည်။ တစ်ဦးချင်းကိုဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေ ပေးရန်အတွက် အာရုံ စူးစိုက်ထားပါက သူတို့နှင့် ဆက်စပ်မှုရရှိရန် ပိုမိုလွယ်ကူစေကြောင်းတွေ့ရှိရပါလိမ့်မည်။ လူတို့၏ စိတ်ဓါတ်သည် ပေးအပ်လိုသော ဆန္ဒရှိမှုကိုအာရုံခံစားနိုင်ကြပြီး ထိုဆန္ဒအတွက်အားဖြည့်ပေးတတ်ကြပါသည်။ ဥပမာ တရားတော်များကဟောကြားသောအချက်အလက်များကိုအပြည့်အစုံမသိသော်လည်း လူအများကအာရုံစူးစိုက်၍ နာကြသည်။ တရားတော်က ပေးအပ်မှုကို အားဖြည့်ပေးခြင်းဖြစ်ပါသည်။

လူအုပ်စုအမျိုးမျိုးကို အကြိမ်ကြိမ်အပ်ကြောင်းထပ်အောင် လှည့်လည်ရှင်းလင်းဟောပြောရခြင်းအလုပ်ကို ငြီးငွေ့နေသည့်ဟောပြောသူတစ်ဦးကိုတစ်ခါကစာရေးသူတွေ့ခဲ့ရစဉ်သတိပေးခဲ့ရဖူးပါသည်၊''ဤရှင်းလင်းဖော်ပြချက်များကို မိမိအကျိုးအတွက် ပြုလုပ်နေခြင်းမဟုတ်၊ သူတို့တစ်အုပ်စုချင်း၏ အကျိုးကျေးဇူးအတွက်ဖြစ်သည်ဟု မိမိ၏စိတ်အစဉ်ကို ပြင်ပေးလိုက်လျှင် ရှင်းလင်းတင်ပြချက် တစ်ခုလုပ်တိုင်းလုပ်တိုင်း စွမ်းအားအသစ်များ ရလာပါလိမ့်မည်'' ဟု ပြောလိုက်ရပါသည်။

''အောင်မြင်ရန်ရှင်းလင်းတင်ပြခြင်း'' (Presenting to Win)စာအုပ်ကိုရေးသားခဲ့သူ Jerry Weissman က အလွန်ကောင်းမွန်သော အကြံဉာဏ်တစ်ခုကိုပေးခဲ့ပါသည်။ ''ပထမအကြိမ် စိတ်၏လှည့်စားမှုကို ထိန်းသိမ်းထားပါ'' ဟူ၏။ ကမ္ဘာကျော်အဆိုတော် ၊ သရုပ်ဆောင်များထံမှ ဖြစ်ပေါ်လာခဲ့သော အယူအဆတစ်ခု ဖြစ်ပါသည်။ အကြိမ်ပေါင်း ရာထောင်ချီ၍ သီဆိုသရုပ်ဆောင်ရခြင်းဖြစ်ကောင်းဖြစ်နိုင်သော်လည်း ပရိသတ်အဖို့ ပထမအကြိမ်နားထောင်ရ ၊ ရှုမြင်ရသကဲ့သို့ ထိုက်တန်စေရမည်ဖြစ်ပါသည်။

ဤသည်မှာ အခြားလူများနှင့်ဆက်စပ်မှုရရှိနိုင်ရန် ကိုယ်ကျိုးမငဲ့သော စိတ်အစဉ်ဖြစ်သည်။ တစ်ဦးချင်းအတွက်ဖြစ်စေ၊ အဖွဲ့ငယ်အတွက်ဖြစ်စေ၊ ပရိသတ်ကြီးတစ်ခုလုံးအတွက်ဖြစ်စေ စွမ်းအားမြောက်မြားစွာ စိုက်ထုတ်

ရသည့် အလုပ်ဖြစ်သော်လည်း ထိုအလုပ်မှ အစုပေါ်အမြတ်အကြီးအကျယ် ရရှိနိုင်ပါသည်။ ဆက်စပ်မှုရရှိခြင်းသည် တစ်စုံတစ်ယောက်အပေါ် ပေးဆပ်ရန် ကတိကဝတ်ပြုရခြင်းမှသာ အမြဲတမ်းစတင်ပါသည်။

**(၅) ဆက်စပ်မှုရရှိရန် ဖွဲ့ရှိရမည်။** ဆက်သွယ်ပြောဆိုရခြင်းသည် တစ်ခါတစ်ရံစိတ်ပိုင်း၊ ရုပ်ပိုင်းနှင့်ခံစားမှုအပိုင်းတို့တွင် အလွန်စိတ်မရှည်စရာဖြစ်ရပါသည်။ စာရေးဆရာ နှင့် အကြံပေးပညာရှင် Anne Cooper Ready က ပရိသတ်ကို စကားပြောရာ၌ ဖြစ်ပေါ်တတ်သော ခံစားမှုတချို့ကို အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်–

''လူထုနှင့်စကားပြောရသည်ကိုအမေရိကန်လူမျိုးများအဖို့ နံပါတ်(၁)အကြောက်ဆုံးဖြစ်၏။ သေခြင်းတရားက နံပါတ်(၅)တွင်ရှိပြီး တစ်ဦးတည်းထီးထီးဖြစ်ခြင်းက နံပါတ်(၇) ဖြစ်သည်။ ဤအတိုင်းဆိုလျှင် မှန်းကြည့်ပါ၊ တစ်ယောက်တည်း သေရမည့်အရေးထက်ပင် လူအများရှေ့တွင် အရှုးလုပ်ခံရမည့်အရေးကို ပိုကြောက်ကြသည်။ လူထုအထက်တွင် ရပ်တည်၍ နေရသော ခေါင်းဆောင်မှုအတွက် ကြောက်ရွံ့စိတ်အား ထိန်းချုပ်နိုင်ခြင်းသည် အားကောင်းသော တွန်းအားတစ်ခုဖြစ်ပါသည်။ လူထုရှေ့တွင် စကားပြောသည့်အခါ မသိနားမလည်ဖြစ်မည်ကို ကြောက်ရွံ့ရခြင်း၊ အတုအယောင်ဖြစ်နေမည့်အရေးကို ကြောက်ရွံ့ရခြင်း၊ ပြောမည့်စကားများ မေ့သွားမည်ကို ကြောက်ရွံ့ရခြင်း၊ အများသူငါရှေ့တွင်အမှားပါသွားမည်ကို ကြောက်ရွံ့ရခြင်း ၊ မိမိတစ်ဦးတည်းစင်မြင့်အပေါ်မှာ ရှိနေရခြင်းကို ကြောက်ရွံ့ရခြင်း စသည်ဖြင့် အခြားလူများနှင့်မတူ တစ်သီးတခြား ကွဲပြားခြားနားစွာ ရှိနေရခြင်းအတွက် ကြောက်စိတ်များ ဖြစ်နေတတ်ပါသည်။''

လူထုနှင့်စကားပြောရသောအလုပ်ကို အစဉ်တစိုက် ပြုလုပ်လာခဲ့လျှင် မိမိတို့တွင် စွမ်းအားများစွာ ဆုံးရှုံးသွားနိုင်ပြီး စိတ်အာရုံစွမ်းအားအနည်းငယ်သာ ကျန်တော့သောကြောင့် တခြားဘာမျှမလုပ်နိုင်တော့သည့်အဖြစ်ကို လက်တွေ့ခံစားသိရှိနိုင်ပါသည်။ စာရေးသူ ကိုယ်တိုင် ကိုယ်ပိုင်အချိန်များစွာယူရပြီး စိတ်ပိုင်း ၊ ရုပ်ပိုင်း ၊ ခံစားမှုအပိုင်းနှင့်ယုံကြည်မှုအပိုင်းတို့၏ ဘက်ထရီများကို ပြန်လည်အားသွင်းပေးရပါသည်။ ခေါင်းဆောင်နှင့် ဟောပြောသူအများစုတို့သည် ဤအတိုင်းပြုလုပ်ရန် လိုအပ်ပါသည်။

မိမိတို့၏ ဘက်ထရီများ အားပြည့်နေစေရန် မည်သို့ပြုလုပ်ရမည်ဆိုသည်ကို စာရေးသူသည် နှစ်အတော်ကြာအောင်လေ့လာခဲ့ရပါသည်။ ပထမဆုံးပြုလုပ်ရမည့် အချက်မှာ မိမိ၏စွမ်းအားများ အလကား ယိုစိမ့်ထွက်သွားစေမည့် မလိုလားအပ်သော ကိစ္စများကို သိရှိနေခြင်းမှရှောင်ရှားခြင်းဖြစ်သည်၊ မလိုသောကိစ္စများ ဆွေးနွေးခြင်း၊ နားထောင်၍စဉ်းစားပေးခြင်း၊ လုပ်ငန်းစီမံကိန်းတစ်ခုနှင့်ပတ်သက်၍ အလွန်အသေးစိတ်အောင်လိုက်လံစူးစမ်းခြင်း၊ မိမိ၏အားသာချက်နယ်မြေပြင်ပမှ အလုပ်များ အတွက် အချိန်ပိုပေးခြင်းတို့သည် စွမ်းအားယိုစိမ့်စေသော ကိစ္စများဖြစ်လေ့ရှိသည်။ အဆိုပါအလုပ်များအတွက် အမှန်တကယ် လုပ်ရန်လိုအပ်လျှင်လည်း အခြားလူများကို ငှားရမ်း၍ အသုံးပြုနိုင်ပါသည်။

ဒုတိယပြုလုပ်ရမည့် အချက်မှာ မိမိ၏ဦးနှောက်နှင့် ဘက်ထရီများကို မည်သည့်အရာများက အားဖြည့်ပေးနိုင်သည်ကိုရွေးချယ်သိမြင်နိုင်ရန်ဖြစ်သည်၊ ဤကိစ္စနှင့်ပတ်သက်လာလျှင် လူတိုင်းတစ်ယောက်နှင့် တစ်ယောက် မတူညီပါ။ အေးအေးလမ်းလျှောက်ခြင်း၊ ပင်လယ်ကမ်းခြေ၌ အပန်းဖြေခြင်း၊ ရုံးအပြင်တွင် မိမိအဖွဲ့နှင့် မိမိနေခြင်း၊ ဂေါက်ကစားခြင်း၊ ဘုရားရှိခိုးခြင်း၊ မိသားစုနှင့်လျှောက်လည်ခြင်း စသည်ဖြင့် အမျိုးမျိုးဖြစ်နိုင်ပါသည်။ မည်သည့်အကြောင်းအရာက မိမိ၏ဘက်ထရီကို အားသွင်းပေးနိုင်မည်ကိုသိပြီးလျှင် ၎င်းကိစ္စကို မိမိ၏အစီအစဉ်တွင် မပျက်မကွက် ထည့်သွင်းရန် ဖြစ်ပါသည်။

အကယ်၍ စာရှုသူသည် လူအများကိုခေါင်းဆောင်ရန် သို့မဟုတ် ဆက်သွယ်ပြောဆိုရန်ဖြစ်ပါက အားသွင်းရန်ကိစ္စသည် အလွန်အရေးကြီးပြီး နည်းလမ်းရှာရမည့်ကိစ္စဖြစ်သည်။ သင်နှစ်သက်သည့် အလုပ်ကို လုပ်ရန် အချိန်ခွဲဝေပေးရန်သာဖြစ်ပါသည်။ ဝတ္ထုရေးဆရာ Louis Auchincloss က ''လူတစ်ယောက်လှုပ်ရှား နေနိုင်

ဖို့ တစ်ခုတည်းသော လိုအပ်ချက်သည် စွမ်းအားပဲဖြစ်ပါတယ်။ သို့သော် စွမ်းအားကဘာလဲ၊ ကိုယ့်အကြိုက် ကိုယ်လုပ်ဖို့ပဲလေ” ဟုပြောခဲ့ပါသည်။

တန်ဖိုးရှိသော အလုပ်တစ်ခုကို ပြီးမြောက်အောင်မြင်စွာ လုပ်လိုသည်ဆိုပါလျှင် သင့်မှာရှိသော စွမ်းအားကို စီမံခန့်ခွဲရန် နှင့် စုစည်းထိန်းကျောင်းနိုင်ရန် လေ့လာသင်ယူရပါမည်။ စွမ်းအားကြီးမားသော ပုဂ္ဂိုလ်များနှင့် အားကစားသမားများသည် ဤအချက်ကိုမည်ကဲ့သို့အသုံးပြုရမည်ကို အခြားလူအများစုထက်ပို၍ သိကြပါသည်၊ လူတို့သည်စွမ်းအား ကို စုစည်းထိန်းကျောင်းနိုင်ခြင်းမရှိပါက သူတို့လိုချင်သော ရလဒ်ကို မရနိုင်ပါ။

အခြားလူများနှင့်ဆက်စပ်မှုရရှိစေရန် ပြုလုပ်ရခြင်းသည် ဘဝတွင်အရေးကြီးသော အခြားလုပ်ဆောင်မှုများ ပြုလုပ်သကဲ့သို့ပင် လိုလားချက်ဆန္ဒရှိမှသာ ဖြစ်နိုင်ပါသည်။ ဤသို့ဖြစ်စေရန် အသံကျယ် လောင်စွာပြောရမည်၊ ဖြိုးဖြိုးဖြက်ဖြက်အရောင်ထွက်အောင် လုပ်ရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ၊ စီးပွားရေး ပညာရှင် လေ့ကျင့်ရေးမှူး Clancy Cross ၏ အမြင်မှာ ‘‘လူတွေကစွမ်းအားကို ထုထည်ပမာဏ သို့မဟုတ် လျင်မြန်မှု နှုန်းတို့ဖြင့် ရောထွေးသိရှိကြသည်။ စွယ်စုံအနုပညာရှင်တစ်ယောက်သည် ပရိသတ်စွဲသွားစေရန် ဖြည်းဖြည်းနှင့် ပျော့ပျော့ ပျောင်းပျောင်းသီဆိုရခြင်း သို့မဟုတ် တီးမှုတ်ရခြင်းသည် အပြေးအလွှားအသားကုန် ကျယ်လောင်စွာ သီဆို တီးမှုတ်ရခြင်းထက် စွမ်းအားကိုပို၍အသုံးပြုရကြောင်း နားလည်သည်။ ပရိသတ်ကလည်း စွမ်းအားမပါဘဲ သီဆို တီးမှုတ်ခြင်းကိုခံစားသိရှိနိုင်ကြသည်။ မိမိတို့သည်စွမ်းအားကို အတုအယောင်လုပ်ပြ၍ မရသကဲ့သို့ ဆက်စပ်ခြင်း ကိုလည်း အတုလုပ်ရန်မဖြစ်နိုင်ပါ။’’

သို့ဖြစ်၍ ဆက်စပ်မှုရရှိရန် မိမိတို့ကိုယ်မိမိတို့ အကောင်းဆုံးအသုံးပြုရပါမည်။ ထိုသို့မပြုလုပ်နိုင်ပါက မအောင်မြင်နိုင်ပါ။ထို့ကြောင့် အစည်းအဝေးတစ်ခုတွင် ခေါင်းဆောင်ရသည်ဖြစ်စေ၊ သူငယ်ချင်းတစ်ယောက်နှင့်အတူ ကော်ဖီသောက်သည်ဖြစ်စေ၊ ပရိသတ်ကိုစကားပြောရသည်ဖြစ်စေ၊ ချစ်သူကို ကြည်နူးဖွယ်စကားလုံး ကလေးများ သီကုံးပေးရသည်ဖြစ်စေ စွမ်းအားလိုပါသည်။ စာရှုသူတွင်ရှိသော စွမ်းအားကို ယခုကဲ့သို့သုံးစွဲခြင်းထက်ပို၍ ကောင်းမွန်စွာသုံးစွဲနိုင်သော နည်းလမ်းကို စာရေးသူအနေဖြင့် မမြင်နိုင်သေးပါ။

## လူအများနှင့်ဆက်စပ်မှုရှိစေခြင်း

**ဆက်စပ်မှုဆိုင်ရာအခြေခံသဘောတရား။** ဆက်စပ်မှုရရှိစေရန်ပြုလုပ်ရာတွင်စွမ်းအားအမြဲလိုအပ်သည်။

**အရေးကြီးသောအယူအဆ။** အဖွဲ့အစည်းကကြီးမားလေ ၊ ဆက်စပ်မှုရရှိရန် စွမ်းအားက ပို၍လိုအပ်လေဖြစ် သည်။

**တစ်ဦးချင်းနှင့်ဆက်စပ်မှုရရှိစေခြင်း။** တစ်ဦးချင်းနှင့် ဆက်စပ်မှုရရှိစေရန်ဆောင်ရွက်ရာ၌လူများစွာ တို့သည် အာရုံစူးစိုက်ဆောင်ရွက်ရန် လစ်ဟင်းကြသည်။ မိမိကဘာပြောပြောတစ်ဘက်က နားထောင်ရမည် ဟု ယူဆကြသည်။ ဤသည်မှာ အကျိုးမဲ့သောလုပ်ရပ်ဖြစ်သည်။ ဤကဲ့သို့ မထင်မှတ်ဘဲ ကျရောက်နိုင်သော အမှား အယွင်းကို ရှောင်ရှားရန်လိုအပ်ပါသည်။ တစ်ဦးချင်းနှင့် စကားပြောရန် စိတ်ဓါတ်ရေးရာသာမက ခံစားမှုသဘော အရပါ ပြင်ဆင်ထားရပါမည်။ ထိုသို့စကားပြောရန် ရည်ရွယ်သော စွမ်းအားလည်းပါမည်ဆိုလျှင် အလွယ်တကူ ဆက်စပ်မှုရရှိသွားနိုင်ပါသည်။

**အဖွဲ့အစည်းတစ်ခုနှင့်ဆက်စပ်မှုရရှိစေခြင်း။** အဖွဲ့အစည်းတစ်ခုနှင့် ဆက်သွယ်ပြောဆိုမှုပြုရာတွင်လည်း ကောင်း၊အစည်းအဝေးတစ်ခုတွင် စကားပြောရာတွင်လည်းကောင်း စာရှုသူသည် မိမိဘာသာမိမိ အားရနေသူ မဖြစ်ရန်လိုပါသည်။ ထိုစကားဝိုင်းသို့မဟုတ် အစည်းအဝေးတွင် မိမိ၏ စွမ်းအား အခြေအနေကောင်းနေသည့်တိုင်

နောက်ထပ်အဆက်မပြတ်စွမ်းအားများ ပါဝင်လာစေရန်ပြုလုပ်ရပါမည်။ မိမိကိုယ်တိုင်စွမ်းအားများ ပြည့်ဝနေစေရန် အတွေ့အကြုံရှိဖို့လည်းလိုပါသည်။ အခြားလူများ၏စွမ်းအားများ ပါဝင်လာရန်အတွက်လည်း မိမိက တာဝန်ယူနိုင်ရန်လိုပါသည်။ ထို့ကြောင့်စကားဝိုင်း သို့မဟုတ် အစည်းအဝေးမစတင်မီ တစ်ဦးချင်းနှင့် မိတ်ဆက်ပါ။ တစ်ဦးချင်း၏ထူးခြားသောအရည်အသွေးကိုသိရန် မေးခွန်းတစ်ခုစီမျှမေးကြည့်ပါ။ အစည်းအဝေး အစပိုင်းတွင်သူတို့သိလိုသမျှမေးခွန်းများကိုဖိုင်ခံဖြေဆိုပါ၊ စကားဝိုင်းအတွင်းဝင်ရောက်ရန် တွေဝေနေသူများကို ဖိတ်ခေါ်ရာတွင် အခြားလူများ၏ထူးခြားသောပြောကြားချက်များသည် မိမိတို့ရည်ရွယ်ထားသော လုပ်ငန်းရည်ရွယ်ချက်အတွက် မည်သို့အထောက်အကူဖြစ်စေသည်ကို ဖော်ပြပေးရမည်။ နိဂုံးချုပ်ရာတွင် သူတို့၏ လုပ်ငန်းအောင်မြင်မှုအတွက် မိမိက မည်သို့ကူညီနိုင်မည်ကိုဖော်ပြပေးရမည် ဖြစ်ပါသည်။

**ပရိသတ်နှင့်ဆက်စပ်မှုရရှိစေခြင်း။** ပရိသတ်က အခမ်းအနားသို့ လာရောက်ခြင်းသည် ဟောပြောသူအားစွမ်းအားဖြည့်ပေးရန်ရည်ရွယ်ချက်ဖြင့်လာရောက်ခြင်းမဟုတ်ပါ။ တစ်စုံတစ်ရာရနိုင်မည်လားဟူသော မျှော်လင့်ချက်ဖြင့်လာရောက်ခြင်းဖြစ်ပါသည်။ မိမိက ဟောပြောရမည့်လူဖြစ်လျှင် ဤအချက်ကို ဂရုစိုက်ရပါမည်။ လူအုပ်ကြီးလေ မိမိက ပေးအပ်ရမည့် စွမ်းအားလိုအပ်ချက်က ကြီးမားလေဖြစ်၏။

ထို့ကြောင့်ပရိသတ်နှင့်စကားပြောသည့်အခါ မိမိ၏ စွမ်းအားကို မြှင့်တင်ပေးထားရပါမည်။ ဥပမာ ပြင်ဆင်မှုရှိခြင်း ဖြင့် ရရှိလာသော ယုံကြည်မှုသည် စွမ်းအားကို ဖြစ်စေပါသည်၊ ခိုင်မာသော ထင်မြင်ယူဆချက်မှ ဖြစ်ပေါ်လာသော စိတ်အားထက်သန်မှုကလည်း စွမ်းအားကို ဖြစ်စေပါသည်။ လူအများအပေါ်တွင် ယုံကြည်ခြင်းမှ ထွက်ပေါ်လာသည့် အပြုသဘောထားကလည်း စွမ်းအားဖြစ်စေပါသည်။ စာရှုသူကဟောပြောရမည့် နေရာသို့ စွမ်းအားများများ သယ်ဆောင်လာနိုင်လေ၊ ပရိသတ်ထံများများပို့ဆောင်ပေးနိုင်လေ ၊ သူတို့နှင့် ဆက်စပ်မှု ရရှိရန် အခွင့်အလမ်းသာလေဖြစ်ပါသည်။

***Reference;*** *John C. Maxwell, "Everyone Communicates few connect"*